THE INTERNATIONAL BESTSELLER

# ZERO TO ONE

## NOTES ON STARTUPS, OR HOW TO BUILD THE FUTURE

PETER THIEL
WITH BLAKE MASTERS

'That rare thing: a concise, thought-provoking book on entrepreneurship' **THE TIMES**

# မာတိကာ

(၁) စီးပွားရေးလုပ်ငန်းဆိုတာ မမှန်သေးသော အမှန်တရား ပေါ်တွင် လောင်းကြေးထပ် နိုင်ရမယ်။

(၂) ဈေးကွက်ငယ်တစ်ခု ကိုအလျင်အမြန် သိမ်းပိုက်နိုင်ဖို့အရေးကြီးတယ်။



(၃) ဈေးကွက်သိမ်းပိုက်နည်း (၄)နည်း

(၄) ကွဲပြားခြားနားသောလုပ်ငန်းတစ်ခုပေါ်မှာ အခြေခံမှသာလျင် အနာဂတ်မှာ ရပ်တည်နိုင်မယ်။

## (၁) စီးပွားရေးလုပ်ငန်းဆိုတာ မမှန်သေးသော အမှန်တရား ပေါ်တွင် လောင်းကြေးထပ် နိုင်ရမယ်။

လက်ရှိမှာ ကိုယ့်ရဲ့လုပ်ငန်းအိုင်ဒီယာက ရူးသွပ်တဲ့အိုင်ဒီယာ လို့အများကပြောချင်ပြောမယ်၊ မဖြစ်နိုင်ဘူးလို့ပြောချင်ပြောမယ်၊ အလုပ်ဖြစ်မှာမဟုတ်လို့ဆိုချင်ဆိုမယ်။



အင်တာနက်ခေတ်မှာ အများလက်မခံနိုင်သေးတဲ့ အိုင်ဒီယာကို လုပ်နိုင်မှ ဈေးကွက်မှာ အစောဆုံးရောက်ပြီး ပေါက်ရောက်နိုင်မယ်။မဟုတ်ရင် အများကလက်ခံပြီးသား၊ ဖြစ်နိုင်တယ်လို့ထင်ပြီးသားကိုသာလုပ်နေမယ်ဆိုရင် နောက်ကျသွားတာလဲ ဖြစ်နိုင်သလို၊ပြိုင်ဘက်များပြားမှုမျိုးနဲ့လဲကြုံရနိုင်တယ်။

ဒါကြောင့် ကိုယ့်အိုင်ဒီယာက ဒီနေ့မှာ မမှန်နိုင်ပေမယ့် အနာဂတ်မှာ မှန်လိမ့်မယ်လို့ယုံကြည်တဲ့ မမှန်သေးသော အမှန်တရား လို့ယုံကြည်ပြီး ကိုယ့်လုပ်ငန်းအိုင်ဒီယာကို လောင်းကြေးထပ်နိုင်ရမယ်။

## (၂) ဈေးကွက်ငယ်တစ်ခု ကိုအလျင်အမြန်သိမ်းပိုက်နိုင်ဖို့အရေးကြီးတယ်။

လုပ်ငန်းအများစုက ဈေးကွက်ကြီးတစ်ခုလုံးကို ရောင်းချင်ကြတယ်။ လူမျိုးမရွေးဘာသာမရွေးစားသုံးစေချင်ကြတယ်။

ဈေးကွက်ကြီးတစ်ခုလုံးကို အာရုံမစိုက်ပဲ .. ဈေးကွက်ငယ်တစ်ခုကို အာရုံစိုက်ရမယ်။ အဲဒီ ဈေးကွက်ငယ်ကို အစွမ်းကုန်ပြုစုရမယ်။ ပျိုးထောင်ရမယ်။ ဝန်ဆောင်ရမယ်။ တနေ့မှာ.. အဲဒီဈေးကွက်ငယ်ကို သိမ်းပိုက်ရရှိလာတဲ့တစ်နေ့ ဈေးကွက်ကြီးဆိုတာ နဲ့နီးစပ်လာလိမ့်မယ်။ အဆင့်ကျော်လို့မရဘူး။

ဈေးကွက်ကြီး ကို ရောက်ရှိဖို့ဈေးကွက်ငယ်တွေကို တစ်ခုပြီးတစ်ခု သိမ်းပိုက်နိုင်ရမယ်။

ဈေးကွက်ငယ်တွေကို သိမ်းပိုက်လာနိုင်တဲ့တနေ့မှာ .. ဈေးကွက်ကြီးဆိုတာက ကိုယ့်အင်ပါယာအာဏာစက်အောက်တိုက်စရာမလို အညံ့ခံ ခိုလုံဝင်ရောက်လာလိမ့်မယ်။

## (၃) ဈေးကွက်သိမ်းပိုက်နည်း (၄)နည်း

ဈေးကွက်ငယ်တွေကိုသိမ်းပိုက်ရာမှာ အဓိကလမ်းကြောင်း (၄) ခုရှိတယ်။

၁. နည်းပညာအားဖြင့် သိမ်းပိုက်ခြင်း
၂. ကွန်ယက်အားဖြင့် သိမ်းပိုက်ခြင်း
၃. ဒီဇိုင်းအားဖြင့် သိမ်းပိုက်ခြင်း
၄. ဈေးနှုန်းအားဖြင့်သိမ်းပိုက်ခြင်း

နည်းပညာအားဖြင့် သိမ်းပိုက်ခြင်းဆိုတာ လက်ရှိဈေးကွက်မှာရှိတဲ့ ကိုယ့်ပြိုင်ဘက်လုပ်ငန်းထက်သာလွန်ကောင်းမွန်တဲ့ နည်းပညာနဲ့ဈေးကွက်ထိုးဖောက်သိမ်းပိုက်ခြင်းမျိုးဖြစ်တယ်။

ကွန်ယက်အားဖြင့်သိမ်းပိုက်ခြင်းဆိုတာ ကိုယ့်အိုင်ဒီယာကို ပြန့်နှံ့စေခြင်းမားကက်တင်းမျိုးအသုံးပြုပြီး ဈေးကွက်ကို ထိုးဖောက်သိမ်းပိုက်ခြင်းမျိုးဖြစ်တယ်။

ဒီဇိုင်းအားဖြင့် သိမ်းပိုက်ခြင်း ဆိုတာ ဒီဇိုင်းကိုပြိုင်ဘက်များထက်သာလွန်ကောင်းမွန်စေပြီး ဘရန်းတစ်ခုကို ကိုယ်စားပြုစေခြင်းဖြင့် ဈေးကွက်သိမ်းပိုက်ခြင်းမျိုးဖြစ်တယ်။

ဈေးနှုန်းအားဖြင့် သိမ်းပိုက်ခြင်းဆိုတာ ပြိုင်ဘက်များအားလုံးထက် ပိုမိုသက်သာသောဈေးနှုန်းဖြင့် ဈေးကွက်ထိုးဖောက်သိမ်းပိုက်ခြင်းမျိုးဖြစ်တယ်။

**(၄) ကွဲပြားခြားနားသောလုပ်ငန်းတစ်ခုပေါ်မှာ အခြေခံမှသာလျှင် အနာဂတ်မှာ ရပ်တည်နိုင်မယ်။**

အနာဂတ်ဈေးကွက်ဆိုတာ ပြိုင်ဘက်တွေ၊ လုပ်ငန်းတူတွေ၊ အိုင်ဒီယာတူတွေနဲ့ပြည့်နှက်နေတယ်။ ကိုယ့်လုပ်ငန်းကို အမြဲတမ်းပိုမိုကောင်းမွန်အောင်ကြိုးစားခြင်းဆိုတာထက် .. ကိုယ့်လုပ်ငန်းကို ပိုမိုကွဲပြားအောင်ကြိုးစားခြင်းက ကိုယ့်လုပ်ငန်းကို အနာဂတ်မှာ ရှည်ကြာစွာရပ်တည်စေလိမ့်မယ်။

ဈေးကွက်မှာ တန်ဖိုးရှိစွာကွဲထွက်နိုင်အောင် ဘာတွေပြောင်းလဲ မလဲ ။ ဘာတွေဖန်တီးမလဲ ဆိုတဲ့ မေးခွန်းက အနာဂတ်မှာ အရေးကြီးဆုံး ဈေးကွက်မေးခွန်းတစ်ခု ဖြစ်လာလိမ့်မယ်။



# ကျေးဇူးတင်ပါတယ်။



အိုင်ဒီယာတစ်ခုချင်းစီကို ဗွီဒီယိုဖြင့်

ရှင်းပြပေးထားသော အနှစ်ချုပ်

ဗွီဒီယိုအစဉ်တွင်

အသေးစိတ်အကြောင်းအရာများကို

နားထောင်နိုင်ပါသည်။